
တမလွန်တစ်ဖက်ကမ်းက
သိုလေးငယ်

# ဝိညာဉ် မှားခေါ်မိစဉ်က

လူကြီးရောဂါဖြင့် နာမကျန်းဖြစ်နေသော မိခင်ကြီး ရုတ်တရက် ဆုံးပါးသွားသည့် အတွက် ထွေးလှတို့ မောင်နှမတစ်စု ဖြေမဆည်နိုင် ရှိနေကြ၏။ နေ့နေ့ညည မိခင်ဖြစ်သူအား ဝတ်ကြီးဝတ်ငယ် ပြုစုပေးရင်း ခံစားနေရသော မိခင်အား မကြည့်ရက်သော်လည်း ယခုကဲ့သို့ ရုတ်တရက် ဆုံးပါးသွားသည့် အခါ နှမြောမိသည် မှာ အမှန်ပင်။

ပြေးကြည့်မှ လေးယောက်သာ ရှိသော မိသားစုလေးတွင် မိခင်ဆုံးပါးသွားသည့် အခါ ညီအစ်မ သုံးယောက်တည်း တိတ်ဆိတ်စွာ ကျန်ရစ်ခဲ့၏။ မိခင်ဘေးတွင် ညီအစ်မ သုံးယောက်စလုံး ရှိုက်ကြီးတငင် ငိုရှိုက်ကြပြီး မိခင်ကြီး အသုဘ အဝအဝ ဆောင်ရွက်ရန်အတွက် ရွာသူကြီးနှင့် နာရေး ကူညီမှုအဖွဲ့ကို အကြောင်း ကြားရလေသည် ။

ရွာက သေးပြီး စည်းလုံးညီညွတ်မှု ရှိသောကြောင့် သိပ်မကြာပါ။ အချိန်တိုအတွင်း လူစုံတက်စုံ ရောက်ရှိလာကြပြီး အသုဘ အတွက် ပြင်ဆင်ကြလေ၏။

ဤသို့လျှင် မိခင်ကြီးအလောင်းအား အိမ်တွင် တစ်ရက်လင်းသည် အထိ ထားပြီး နောက်တစ်နေ့ မွန်းလွဲ နှစ်နာရီ အချိန်၌ ရွာမြောက်ဘက် သုသာန်ကြီးတင် ဂူသွင်းသင်္ဂြိုဟ်လိုက်၏။

ထို့နောက် ထွေးလှတို့ အိမ်တွင် ဖဲဝိုင်းများ ၊ အကူငွေ လာထည့်ကြ

သူများ နှင့် ၇ ရက်လင်းသည် အထိ ဝေဝေစည်စည် ဖြစ်သွား၏။ ညီအစ်မ သုံးယောက်တည်း ရှိသည့်အတွက် ကြောက်မည်၊ အားငယ်မည် စိုးသောကြောင့် ရွာထဲကလူ တော်တော်များများ ထွေးလှတို့ အိမ်တွင် ညအိပ် လာစောင့်ပေကြပါသည် ။

ဤသို့လျှင် နေအိမ်တွင် ၇ ရက် လင်းသည် အထိ ဖဲဝိုင်းထောင်ရင်း လူများ စောင့်အိပ် ပေးကြပြီးသော် ရွာ၏ ထုံးစံအတိုင်း အသုဘ ၇ ရက်လင်းသော နေ့တွင် ဆွမ်းသွပ် တရားနာ လုပ်ကြပါသည် ။

ထိုသို့လုပ်ရာတွင် ဆွေးမျိုးများ နှင့် ရွာသူရွာသားများ ၊ ရွာနီးချုပ်စပ်ရွာမှ အသိမိတ်ဆွေများအား ဖိတ်ကြားကာ ရွာဦးဆရာတော် ကိုယ်တိုင် အသုဘအိမ်သို့ ကြွရောက်၍ ဆွမ်းသွတ် တရားဟော ကြွရောက်ပါသည် ။ ထိုနေ့တွင် ကွယ်လွန်သူ၏ မိခင်ကြီး၏ ဝိညာဉ်အား ခေါ်ဆောင်၍ တရားနာကာ ကွယ်လွန်သူ ကောင်းရာ သုဂတိ ရောက်စေရန် အလို့ ငှာ ရည်သန်၍ ရေစက်သွန်းချ အမျှပေးဝေကြမည် ဖြစ်ပါသည် ။

ထို့ကြောင့် ထိုနေ့မတိုင်မီ တစ်ရက်အလို ကတည်းက ရွာသူကြီးက ထွေးလှတို့ မောင်နှမတွင် အငယ်ဆုံးဖြစ်သည့် ထွေးမြ အား-

"ထွေးမြရေ... အငယ်မ..."

"ဟုတ်ကဲ့ ... သူကြီး..."

"အေး...။ ရွာတောင်ပိုင်းက ဘကြီးပု ဆီသွား ..။ မနက်ဖြန် နှင့်အမေ ဝိညာဉ်ခေါ်ပေးဖို့ သွားပြောချေ...။ ဆေးလိပ်လေး ဘာလေးနဲ့ အသေအချာ အကူညီသွားတောင်း.."

"ဟုတ်ကဲ့... သူကြီး..."

ဤသို့လျှင် ထွေးမြတစ်ယောက် မနက်ဖြန် ဆွမ်းသွတ်တွင် ညှော်ခံရ

န် ဝယ်ထားသော ဆေးလိပ်များ ထဲမှ တစ်စည်းယူ၍ ရွာတောင်ပိုင်းတွင် ရှိသော ဘကြီးပုအိမ်သို့ ထွက်ခဲ့၏။

အိမ်အရောက်တွင် ဘကြီးပုရှိမနေပါ။ တစ်ဖက်ရွာသို့ အကြွေးတောင်းရန် သွားကြောင်းနှင့် ညနေ ပြန်ရောက်မည် ဖြစ်ကြောင်း ပြောသဖြင့် ထွေးမြသည် လည်း ဘကြီးပု၏ ဇနီးဖြစ်သူအား အသေအချာမှာ ကာ အိမ်သို့ ပြန်ခဲ့တော့၏။

တစ်ရွာတစ်ပုဒ် ဆန်းဆိုသလို ထွေးလှတို့ ရွာ၏ ဓလေ့ထုံးစမ်းအရ ထိုသို့ ဆွမ်းသွပ်တရားနာသော နေ့တွင် ရွာထဲက လူတစ်ယောက်က သုသာန်သို့ သွားကာ ဆွမ်းသွတ်ပေးမည့် ဝိညာဉ်အား အိမ်သို့ ခေါ်ဆောင်ရ၏။ ထိုသို့ခေါ်ရာတွင် လမ်းဘေးမှ သစ်ကိုင်းတစ်ကိုင်းကို ချိုးကာ ထိုသူ၏ အုတ်ဂူသို့ သွားပြီး နာမည်ခေါ်ကာ ခေါ်ဆောင်ရ၏။

ဥပမာ သေဆုံးသူ ဝိညာဉ်နာမည်က ဒေါ်အေးမြဆိုပါက

"ဘဝတစ်ပါးသို့ ပြောင်းရွှေ့ သွားသည့် ဒေါ်အေးမြ ခင်ဗျား….။ ယနေ့ နံနက် ကိုးနာရီတွင် သင့်အတွက် ဆွမ်းသွတ်တရားနာ ပြုလုပ်ကာ ရေစက်ချ အမျှဝေပေးမည် ဖြစ်ပါသဖြင့် ကုသိုလ်အမျှ ခေါ်ဆိုနိုင်၍ ကောင်းရန် သုဂတိသို့ရောက် ရန်အလို့ ဌာ ဟောသည် သစ်ကိုင်းနှင့် အတူ ကျွန်ုပ်နှင့် တစ်ပါတည်း လိုက်ခဲ့နိုင်ပါသည် ။

ထိုသို့လိုက်ခဲ့ရာတွင် ရွာထဲက ကလေးသူငယ်များအား ခြောက်လန့်ခြင်း မပြုရပါ။ ထို့အပြင် မည်သူ တစ်ဦးတစ်ယောက်ကိုမျှ နှောင့်ယှက်ခြင်း မပြုရပါ။ သင့်အတွက် ကောင်းမှု ကုသိုလ် လုပ်ပေးမည်ဖြစ်၍ သာသာကြည်ကြည် လိုက်ခဲ့ရန် ခေါ်ဆောင်ပါသည် "

ဟူ၍ စကားမမှာ ပဲ ခေါ်ဆောင်ရသည် ဟု ကြားခဲ့ဖူးပါသည် ။

ဤသို့လျှင် နောက်တစ်နေ့ မနက်လင်း၍ ဆွမ်းသွတ် တရားနာ စခါနီးအချိန်၌ ရွာထဲက ဘကြီးပု၏ သားဖြစ်သူ မြင့်မောင် တစ်ယောက် သစ်ကိုင်းတစ်ကိုင်းဖြင့် ဝိညာဉ်ကို ခေါ်ကာ အသုဘအိမ်သို့ ရောက်ရှိလာခဲ့ပါသည် ။

ဘကြီးပု အိမ်ပြန်မရောက်၍ ဘကြီးပုကိုယ်စား သူခေါ်လာခဲ့သည်ဟု ပြောသောကြောင့် ရွာရှလူကြီးများ မျက်နှာ ပျက်သွားကြ၏။ သို့သော်လည်း ရောက် လာပြီမို့ မတတ်နိုင်ပြီ။ ဘကြီးပု ကိုယ်တိုင် သူ့သားအား သင်ထားပေးသည် လည်း ဖြစ်ပါသည် ဟု ဖြည့်တွေး၍ သာ ရွာဦးကျောင်း ဆရာတော်ကြွလာသည့် အခါ တရားနာပြီး ကွယ်လွန်သူမိခင်ကြီးအားရည်စူး၍ ရေစက်ချ အမျှဝေလိုက်ကြ ပါတော့သည် ။

***

အဖြစ်ပျက်က ဆွမ်းသွတ် တရားနာပြီးသော ညတွင် ဖြစ်၏။ ထွေးလှတို့ ညီအစ်မ သုံးယောက်သည် လည်း မိခင်အတွက် သောက ဝေခဲ့သည် က တစ်ကြောင်း၊ ရက်လည် ဆွမ်းသွတ်အတွက် အလုပ်များ ခဲ့သည့် တစ်ကြောင်းတို့ ကြောင့် အိပ်ရေးပျက်ကာ ပင်ပန်းနေသည် ဖြစ်သောကြောင့် ညကိုးနာရီ မထိုးခင်ပင် အသီးသီး အိပ်ရာဝင်ခဲ့ကြပါသည် ။

လျှပ်စစ်မီးမရသော ရွာဖြစ်သည့် အတွက် ထွန်းထားသော ဖယောင်းတိုင် ငြိမ်းပြီဆိုသည် နှင့် တစ်အိမ်လုံးလည်း မှောင်အတိ လွှမ်းသွားလေ၏။ရွာခလေ့အတိုင်း ညသည် တိတ်ဆိတ်လျက် ရှိလေသည် ။

ဤသို့လျှင် ထွေးလှတို့ အိပ်မောကျချိန် ည ၁၁ လောက်တွင် ဖြစ်၏။ မီးဖိုးချောင်ထဲမှ ပန်းကန်း လွတ်ကျသံကြားသောကြောင့် ထွေလှတို့ ညီအစ်မ သုံးယောက်စလုံး အိပ်မောကျနေရာမှ ပြိုင်တူ နိုးလာခဲ့ကြသည် ။ ရုတ်တရက်မို့ လန့်သွားပြီး ထထိုင်လိုက်မိကြ၏။ ထိုစဉ် အိမ်ထဲ၌ လူသုံးလေးယောက် ခေါက်တုံ့ ခေါက်ပြန် လျှောက်နေကြသည် ကို အရိပ်လိုလို ထွေးလှတို့ မြင်လိုက်ကြ၏။

ကြောက်ကြောက်ဖြင့် မီးထထွန်းလိုက်သည့် အခါ တစ်ခန်းလုံး ဘာမှ မရှိပဲ တိတ်ဆိတ် ငြိမ်သက်လို့ ရှိနေလေသည် ။ ညီအစ်မ သုံးယောက်သား ကြောက်လွန်းသောကြောင့် ကြက်သီးဖြန်းဖြန်း ထကုန်ကြ၏။

ထိုစဉ် ဘေးအိမ်မှ ခွေးမှာ စူးစူးဝါးဝါးဖြင့် ဆွဲဆွဲငင်ငင် ထအူလို့ လာပါသည် ။ ညီအစ်မ သုံးယောက်စလုံး မိခင်ဖြစ်သူ မကျွတ်လွတ်ဘူး အထင်ဖြင့် နှုတ်ကနေ ကိုယ်စီ မိခင်အတွက် အမျှပေးဝေ လိုက်ကြ၏။

"အမေရေ.....။ အမျှ... အမျှ... အမျှ......."

အမျှဝေလို့ ပင် မပြီးသေး။ မီးဖိုဆောင်ထဲတွင် အုပ်ဆောင်းဖွင့်သံ၊ အိုးခွက်ပန်းကန် ဖွင့်သံများက ဆူညံစွာ ထွက်ပေါ် လာပြန်ပါသည် ။ ထိုအသံများ သည် တစ်ယောက်တည်း လှုပ်ရှားသံများ မဟုတ်ပဲ သုံးလေးယောက်လောက် သွားလာ လှုပ်ရှားနေကြသော အသံများ ဖြစ်၏။

အိမ်ဘေးက ခွေးသည် လည်း ထွေးလှတို့ အိမ်ဘက်သို့ လှည့်ကာ စူးစူးဝါးဝါး ထိုးအူနေဆဲ ဖြစ်လေသည် ။

မီးဖိုထဲမှ အသံမှာ လည်း တိတ်မသွားသေးသည့် အပြင် အိမ်ရှေ့ အိမ်နောက် လမ်းလျှောက်သံများ လည်း ကြားနေရ၏။ လူလေးငါးဆယ်ယောက် အိမ်တွင် မွှေနှောက်နေသလို ဖြစ်သောကြောင့် ညီအစ်မ သုံးယောက်လုံး မလှုပ်ရဲပဲ ငုတ်တုတ် ထိုင်နေမိကြ ပြန်ပါသည် ။

မီးဖိုထဲက ထမင်းအိုးဖွင့်သံ၊ ထမင်းစားသံများက သောသောညံနေသောကြောင့် ညီအစ်မ သုံးယောက် ကြောက်သော်လည်း သူခိုးကပ်သည် ဖြစ်မည် စိုးသောကြောင့် ဖယောင်းတိုင်မီးများ ကိုယ်စီထွန်းကာ မီးဖိုထဲ ဆင်းကြည့်ခဲ့ကြ၏။ သို့သော် ထွေးလှတို့ ရောက်သည့် အချိန်၌ အသံများမှာ ချက်ချင်းဆိုသလို တိတ်ဆိတ်သွားပြီး မီးဖိုဆောင်မှာ လည်း တစ်ခုမှ ခြေရာ၊ လက်ရာမပျက်ပေ။ စေစောက ကြမ်းပြင်ပေါ် ပန်းကန် ကျကွဲသံကြား၍ ရှာကြည့်သော်လည်း ဘာမှ မရှိပါ။

ထိုစဉ် အိမ်ပေါ်မှာ တံခါးဖွင့်သံ၊ ပြတင်းပေါက် ပိတ်သံများ ကြားရသည့်အပြင် တဒုန်းဒုန်းဖြင့် ခြေသံကြမ်းကြမ်း လျှောက်သံများကိုလည်း ကြားရပြန်၏။ ထို့နောက် အိမ်ဘေးပတ်လည်မှ လမ်းလျှောက်သံများ ၊ အိမ်နောက်ဘေး ရေတွင်းမှ ရေခပ်သံများ ဆူညံလို့ နေ၏။ အိမ်အပြင်ဘက် ချောင်းကြည့် လိုက်ကြသော်လည်း ဘာမှ မရှိပေ။ အသံကြားရာ နေရာတိုင်းတွင် ကြည့်လိုက်ချိန်၌ ဘာမှ မရှိပါ။

ခွေးအူသံများ သည် လည်း အဆက်မပြတ် ကြားနေရသောကြောင့် ထွေးလှတို့ ညီမသုံးသောက် အိမ်တွင် မကောင်းဆိုးဝါးများ ကပ်နေသည် ကို သိသွားပြီး ကြောက်ကြောက်ဖြင့် မိုးအမြန်လင်းရန် ဆုတောင်းနေမိကြပါတော့သည် ။

ဤသို့လျှင် ပထမ လင်းကြက်သွန်သံ ကြားချိန် မနက် သုံးနာရီကျော်လောက်မှ အသံများ တိတ်ဆိတ် သွားပါတော့သည် ။

မိုးစင်စင် လင်းသည့်အခါ ထွေးလှတို့ ညီမသုံးယောက် သူကြီးအိမ်သို့ သွားကာ အကျိုးအကြောင်း ပြောပြ၏။

"အင်း.......။ ဒီအတိုင်းဆို မကောင်းဆိုးဝါးတွေ အိမ်ထဲ ရောက်နေတာပဲ။ ငါထင်တော့ထင်တယ်...။ ဘကြီးပုသား ဝိညာဉ် ခေါ်လာကတ

ည်းက တစ်ခုခုတော့ မှားပြီဆိုတာ...။ ကောင်လေးက ရှုတ်နှောက်နှောက်ရယ်....။ မနှောက်သင့်တာတွေ နှောက်မိပြီ ထင်တယ်။ မဖြစ်ဘူး...။ ဒီကောင်လေးကို မနေ့က ဝိညာဉ် ဘယ်လိုခေါ်ခဲ့လဲ အကျိုးအကြောင်း မေးပြီး ရောက်နေကြတဲ့ ပရလောကသား ဝိညာဉ်တွေကို ပြန်ပို့မှ ရမယ်။

ကဲ... ငါလည်း ဘကြီးပုအိမ် သွားပြီး ကောင်လေးကို အကျိုးကြောင်း မေးကြည့်မယ်။ နင်တို့ လည်း ဆရာတော်ဘုရားကို ကြို လျှောက်ထားချည်"

ဤသို့လျှင် ထွေးလှတို့ ညီအစ်မသုံးယောက်သည် လည်း ဆရာတော် ဘုရားအား အိမ်သို့ကြွပေးပါရန် လျှောက်ထားပြီး မနက်ကိုးနာရီလောက် အချိန်တွင် ရွာရှိလူကြီးများ နှင့် ဘကြီးပုတို့ သားအဖပါ ထွေးလှတို့ အိမ်သို့ ရောက်ရှိလာခဲ့ကြပါသည် ။

ဘကြီးပုသား၏ ပြောပြချက်အရ အမှန်တကယ် သူသင်္ချိုင်းတွင် ဝိညာဉ်ခေါ်ရာ၌ မှား၍ ခေါ်လာမိကြောင်း၊ အမှန်တကယ် သူကိုယ်တိုင်လည်း ပရလောကသား ဝိညာဉ်များ တကယ်ရှိမရှိ စမ်းသပ်ချင်၍ ထိုသို့ခေါ်ခဲ့ကြောင်းနှင့် မစနှောက်မိသည် ကို စနှောက်မိ၍ တောင်းပန်ကြောင်း ပြောခဲ့ပါသည် ။

ဘကြီးပု သား မြင့်မောင် သင်္ချိုင်းတွင် ခေါ်ခဲ့သည် မှာ -

"ဒေါ်အေးမြ ဝိညာဉ်အား ရက်လည် ဆွမ်းသွတ် တရားနား လိုက်ခဲ့ရန်ခေါ်ပါတယ်။ ဒီသင်္ချိုင်းက တခြား ဝိညာဉ်တွေလည်း လိုက်ချင်ရင် လိုက်လို့ ရပါတယ်...။ ဘယ်သူကိုမှ တော့ မနှောင့်ယှက်ရဘူးနော်.." ဟူ၍ အပျော်အပျက်ဖြင့် ခေါ်ခဲ့ကြောင်း ပြောပြပါသည် ။

ထိုသို့ခေါ်ခဲ့သောကြောင့် သင်္ချိုင်းရှိ ဝိညာဉ်များ အားလုံးနီးပါ လိုက်ခဲ့

ကြပြီး ထွေးလှတို့ အိမ်တွင် မနေ့ညက ကူးလူး သွားလာနေကြခြင်း ဖြစ်ပေမည်။

အကြောင်းအရာများ အားလုံးသိရပြီးသော် ဆရာတော်ဘုရားမှ ထိုပရလောကသားများအား မေတ္တာပို့ပေး၍ ဘကြီးပုကိုယ်တိုင်ခေါ်ကာ သင်္ချိုင်းသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ပါသည် ။

ထိုနေ့ညမှ စ၍ ထွေးလှတို့ အိမ်သည် လည်း ခြောက်လန့်သံများ မကြားရတော့ပဲ တိတ်ဆိတ် သွားသည် မှာ ယနေ့ထိပင် ဖြစ်ပါတော့သည် ။

(ဖြစ်ရပ်မှန်အား အမည်လွှဲပြောင်း၍ ဆီလျော်အောင်ရေးဖွဲ့ပါသည် ။ )

စာရှုသူများအား အစဉ်လေးစားလျက်............

**ညီလေးငယ်**

***